


# The Return to Work scheme and work injury support အလုပ်ပြန်ဝင်ခြင်း စီမံချက်နှင့် အလုပ်တွင်း အနာတရဖြစ်ခြင်းအားထောက်ကူပေးမှု

အလုပ်တွင်းအနာတရ ဖြစ်ခြင်းနှင့်ပါတ်သတ်သောအဖြစ်အပျက်တွင် ဩစတြေးလျတောင်ပိုင်း စီးပွားရေးများနှင့် ယင်းတို့၏ အလုပ်သမားများကိုကာကွယ်ပေးသော အာမခံချက်များကို ရီတာန်းတူ ဝေါ်ခ် အက်စ်အေ မှ စီစဉ်ပေးသည်။

အလုပ်ပြန်ဝင်ခြင်းစီမံချက် မှ ပြင်းထန်စွာအနာတရ ရှိထားသောသူများသည် အနာတရ မရရှိသောသူများထက် မတူညီသော အထောက်အကူလိုအပ်သည် ဆိုသည်ကို အသိအမှတ်ပြုသည်။

## အနာတရ ရရှိထားသောသူများ အတွက် အထောက်အကူမှာ

- နှစ် နှစ်ထိ သက်တမ်းရှိသော အချိန်အတောအတွင်း လုပ်အားခ ဆုံးရှုံးခြင်းအတွက် အလျော်ပေးသည့် အနေဖြင့် ဝင်ငွေထောက်ပံ့ပေးခြင်း- ယေဘုယျအားဖြင့် အနာတရ ရရှိသောနေ့မှစတင်
- သင့်လျော် ပြီးလိုအပ်သော ဆေးဝါးကုသမှုနှင့် အနာတရ ရရှိသောနေ့မှစတင်၍ သုံးနှစ်ကြာသည် အထိ စောင့်ရှောက်ပြုစုခြင်း
- အလုပ်ထားခြင်းနှင့် အနာတရ ရရှိသောနေ့မှစတင်၍ သုံးနှစ်ကြာသည်အထိ မွမ်းမံသင်တန်းပေးခြင်း ကဲ့သို့သော အလုပ်ပြန်ဝင်ခြင်း ဆိုင်ရာ အကူအညီများ

ပါဝင်နိုင်ပါသည်။

## အနာတရ ပြင်းထန်စွာ ရရှိထားသော သူများအတွက် အထောက်အကူမှာ

- အငြိမ်းစားယူသည့် အရွယ်ထိတိုင်အောင် ဝင်ငွေထောက်ပံ့ပေးခြင်း
- သင့်လျော်ပြီးလိုအပ်သော ဆေးဝါးကုသမှုနှင့် အသက်ရှင်နေထိုင်စဉ် တစ်လျှောက်လုံး စောင့်ရှောက် ပြုစုခြင်း
- တောင်းဆိုမှုအရ အလုပ်ပြန်ဝင်ခြင်းဆိုင်ရာ အကူအညီများ

ပါဝင်နိုင်ပါသည်။

ရက်သတ္တပတ် နှစ်ပါတ်ထက်ပို သောအချိန်ထိ အလုပ်နှင့်ဝေးနေနိုင်သော အလုပ်တွင်းအနာတရ ဖြစ်ခြင်းတွင် ကုသမှု၊ စောင့်ရှောက်ပြုစုခြင်း နှင့် ပြန်လည်နေကောင်း၍ ဖြစ်နိုင်လျင်ချက်ချင်းအလုပ်ပြန်ဝင်နိုင်ရန် လိုအပ်သောအကူအညီ ထောက်ကူပေးခြင်း များကို သင့်အားဆက်စပ်ပေးနိုင်ရန် သင်၏ နစ်နာကြေးတောင်းခံ ကိုယ်စာလှယ်မှ သင် ၏ အလုပ်ခွင်သို့ သင်နှင့် သင် ၏ အလုပ်ရှင်ကို တွေ့ဆုံနိုင်ရန် ကိစ္စစီမံခန့်ခွဲသူအားပို့ဆောင်နိုင်ခြင်းကို ကြိုးပမ်း အားထုတ် လိမ့်မည်။



www.rtwsa.com
13 18 55

Government of South Australia

## What to do if you are injured အနာတရ ဖြစ်ပြီဆိုလျှင် ဆောင်ရွက်ရန်

အလုပ်တွင် အနာတရဖြစ်ပြီဆိုလျှင် သင် လုပ်ဆောင်ရမည့် အရေးကြီးသောအဆင့်များစွာရှိသည်။

### အဆင့် ၁။ ။ သင့်တော်သော ကုသမှုရယူပါ။

### အဆင့် ၂။ ။ အလုပ်ရှင်ကို အကြောင်းကြားခြင်း

ဖြစ်နိုင်လျှင် အနာတရဖြစ်ပြီး ၂၄ နာရီအတွင်း စာဖြင့်ဖြစ်စေ (သို့) နှုတ်ဖြင့် ဖြစ်စေ သင် ၏ အလုပ်ရှင်ကို အကြောင်းကြားပါ။ သင်ကိုယ်တိုင်လုပ်ဆောင်ရန် မတတ်နိုင်ပါက မိသားစုဝင်တစ်ဦး (သို့) သူငယ်ချင်းတစ်ဦး ကဲ့သို့သော ကိုယ်စားပြုတစ်ဦးမှ အလုပ်ရှင်အား အကြောင်းကြားနိုင်ပါသည်။

### အဆင့် ၃။ ။ ဆရာဝန်နှင့် တွေ့ဆုံခြင်း

သင်သည် မည်ကဲ့သို့သော အနာတရမျိုးခံစားနေရ သနည်း၊ ကုသမှု ကြိမ်နှုန်းနှင့် ကြာချိန် အပါအဝင် မည်သို့သော ကုသမှုမျိုးသင်လိုအပ်သနည်း ဆိုသည်ကို ဆရာဝန်က အကဲဖြတ်ပေးမှာဖြစ်သည်။ အလုပ်မှအနားယူရန်နှင့် အနားယူခွင့်တောင်းခံရန် ဆုံးဖြတ်ပါက အနားယူခွင့်လျှောက်လွှာပုံစံနှင့် အတူ အလုပ်ရှင် ၏ လျှောက်လွှာလက်ခံ ကိုယ်စာလှယ်အား တင်ပြရန်လိုအပ်သော အလုပ်လုပ်နိုင်စွမ်းရည်ပြအထောက်အထားလတ်မှတ်ကို သူတို့က စီစဥ်ပေးမှာ ဖြစ်ပါသည်။

### အဆင့် ၄။ ။ ရသင့်ရထိုက်သော အခွင့်အရေး တောင်းဆိုခြင်း

အလုပ်မှ အနားယူနေချိန်အတွင်း အနာတရ ရလဒ် (သို့) ဆေးဝါးကုသမှုနှင့် ဆိုင်သော (သို့) အခြားကုန်ကျစရိတ်များကို ကျခံရသော အခါ နှင့် သင်က နစ်နာကြေးတောင်းခံမှုကို ပြုလုပ်လိုပါက တောင်းခံလွှာပုံစံကို ဖြည့်သွင်း ရလိမ့်မည်။

ဖြစ်နိုင်လျှင် အလျှောက်လွှာပုံစံကို သင် ၏ အလုပ်ရှင်နှင့် အတူတကွ ဖြည့်သွင်းသင့်သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် သင် ၏အနာတရ မှ ခွင့်ပြုလျှင် သင့်အတွက် အလုပ်နေရာချန်ပေးခြင်း (သို့) ဖြစ်နိုင်လျှင်ချက်ချင်း အလုပ်ပြန်ဝင်နိုင်ခြင်းကို သင့် အလုပ်ရှင်မှ စီစဥ်ပေးနိုင်ရန် မည်သည့်အထောက်အကူကို မဆို ဆွေးနွေးနိုင်ရန် အခွင့်အရေးပေးသည်။တောင်းခံလွှာအပေါ် စိစစ် သတ်မှတ်ခြင်းနှင့် ပတ်သတ်၍ တိကျပြီး ပြည့်စုံတဲ့ သတင်းအချက် အလက် ကိုရရှိနိုင်ရန် အတွက်လဲ စီစဥ်ပေးသည်။ လျှောက်လွှာကို အလုပ်ရှင်နှင့် အလုပ်သမား အတူတကွ ဖြည့်သွင်းရန်မဖြစ်နိုင်ပါက လျှောက်လွှာကို သီးသန့်စီ ဖြည့်သွင်းနိုင်ပါသည်။

သင့်ရဲ့တောင်းခံမှုသည် ဆေးဝါးကုသမှုနှင့်ဆိုင်သော ကုန်ကျစရိတ် (သို့) လုပ်အားခ ဆုံးရှုံးမှု (သို့) နှစ်ခုစလုံးဖြစ်သည် ဆိုသည်ကို တောင်းခံလျှောက်လွှာပုံစံက သင့်ကိုညွှန်ပြနိုင်ပါသည်။

သင် ၏ အလုပ်ရှင်က သင့်ထံမှ လက်ခံ ရရှိလာသော နစ်နာကြေးတောင်းခံလွှာမိတ္တူ နှင့် ကုသမှုခံယူသောဆရာဝန်မှ သင်လက်ခံရရှိလာသော အလုပ်လုပ်နိုင်စွမ်းရည်ပြ အထောက်အထားလတ်မှတ် မိတ္တူကို အလုပ်ရှင် ၏ လျှောက်လွှာလက်ခံ ကိုယ်စာလှယ်ထံသို့ လက်ခံရရှိအပြီး ရုံးဖွင့်ရက် ငါးရက်အတွင်း တဆင့်ကမ်းပေးရန် လိုအပ်သည်။

လျှောက်လွှာလက်ခံ ကိုယ်စာလှယ်မှ သင် ၏အနာတရဖြစ်မှုအကြောင်းကို စောစွာသိရှိလျှင် သူတို့မှသင့်ကို ကုသမှု၊ စောင့်ရှောက်ပြုစုခြင်းနှင့် ပြန်လည်ကျန်းမာလာစေရန် အကူအညီပေးနိုင်သော အထောက်အကူများနှင့် စောစွာ ဆက်စပ်နိုင်ရန် သင့်အတွက် စီစဥ်ပေးနိုင်သည်။ တောင်းခံမှုပြုလုပ်နိုင်ရန် သင် (သို့) သင် ၏ အလုပ်ရှင်သည် အလုပ်ရှင် ၏လျှောက်လွှာလက်ခံကိုယ်စာလှယ်များကို ဆက်သွယ်နိုင်သည်။

**Gallagher Bassett Services Pty Ltd**
**GPO Box 1772, Adelaide SA 5001**
**newclaims@gb.rtwsa.com**
**Fax (08) 8177 8451**
**www.gallagherbassett.com.au**
**Phone (08) 8177 8450 or free call 1800 664 079**

**Employers Mutual SA**
**GPO Box 2575, Adelaide SA 5001**
**newclaims@employersmutualsa.com.au**
**Fax (08) 8127 1200**
**www.employersmutual.com.au**
**Phone (08) 8127 1100 or 1300 365 105**

တောင်ပိုင်းဩစတြေးလျ ၏ အကြီးဆုံးဖြစ်သော ပုဂ္ဂလိကပိုင် နှင့် အများဆိုင်ရာအခန်း ကဏ္ဍအဖွဲ့အစည်းအများစုတွင် ယင်းတို့၏အလုပ်သမားများနစ်နာကြေးတောင်းခံမှု စီမံခန့်ခွဲခြင်း ဆိုင်ရာ ကိုယ်ပိုင်အာမခံရှိကြသည်။ အကယ်၍ သင်သည် ကိုယ်ပိုင်အာမခံထားရှိသောစီးပွားရေးလုပ်ငန်းအတွက် အလုပ်လုပ်နေပြီး အနာတရဖြစ်ခဲ့လျှင် နစ်နာကြေး တောင်းခံလွှာပြုလုပ်နိုင်ရန် သင်၏အလုပ်ရှင်နှင့် စကားပြောသင့်သည်။

## Your obligations သင် ၏ဝတ္တရားများ

အကောင်းဆုံးပြန်လည်ကျန်းမာခြင်းနှင့် အလုပ်ပြန်ဝင်နိုင်သည့် ရလဒ်များကို လက်ခံရရှိနိုင်ရန် ကျွန်တော်တို့အနေဖြင့် သင့်ကိုယုံကြည် မျှော်လင့်ထားသည်များမှာ

- ဖြစ်နိုင်လျှင်ချက်ချင်း သင် ၏အလုပ်ရှင်အားအကြောင်းကြားပါ။ (တတ်နိုင်လျှင် ၂၄နာရီအတွင်း)
- တောင်းဆိုမှုကို ဖြစ်နိုင်လျှင်ချက်ချင်း ပြုလုပ်ပါ။
- သင်ပြန်လည် ကျန်းမာရေးအတွက်နှင့် အလုပ်ပြန်ဝင်နိုင်ရန် ပုံဖော်ထားသော လုပ်ဆောင်မှုများကို တက်ကြွစာပါဝင်ပါ။
- အလုပ်ပြန်ဝင်နိုင်ရန် ဖွံ့ဖြိုးရေးအစီအစဉ်တွေမှာ ပါဝင် ပါ။ ပူးပေါင်းပါ။
- သင် အလုပ်ပြန်ဝင်နိုင်ရန် ချမှတ်ထားသော မည်သည့်တာဝန်ကို မဆိုလိုက်နာပါ။
- အလုပ်အတွက်သင် ၏ အလုပ်အတွက် အလုပ်လုပ်နိုင်စွမ်းရည်ပြနှင့် အခြား သက်ဆိုင်သော သတင်းအချက်အလက်ပါဝင်ဖော်ပြထားသော လက်တလောဆေးဖက်ဆိုင်ရာ အထောက်အထားလတ်မှတ်ကို တင်ပြပါ။
- သင့်တော်သော အလုပ်ကို အလုပ်လုပ်နိုင်ပြီဆိုလျှင် အလုပ်ပြန်ဝင်ပါ။

## Your employer's obligations အလုပ်ရှင် ၏ဝတ္တရားများ

ကျွန်တော်တို့အနေဖြင့် သင် ၏အလုပ်ရှင်သည် သင်ပြန်လည်ကျန်းမာခြင်းနှင့် အလုပ်ပြန်ဝင်နိုင်ခြင်းကို အထောက်အကူပေးနိုင်ရန်

- သင် ၏ အနာတရအကြောင်း (သို့) တောင်းခံလွှာအကြောင်းကို သူတို့ ၏လျှောက်လွှာလက်ခံကိုယ်စာလှယ်အား အနာတရနှင့် ပါတ်သတ်၍ မှတ်ချက် (သို့) အလုပ်တွင်း အနာတရနစ်နာကြေးတောင်းခံလွှာ လက်ခံရရှိအပြီး ရုံးဖွင့်ရက် ငါးရက် အတွင်း အကြောင်းကြားပေးခြင်း
- ပြန်လည်ကျန်းမာရေးနှင့် အလုပ်ပြန်ဝင်နိုင်ရေးအတွက် လုပ်ဆောင်မှုတွေမှာ သင် ၏ပါဝင်မှုကို အထောက်အကူပေးခြင်း
- သင်အလုပ်ပြန်ဝင်နိုင်ရေးအတွက် ဖွံ့ဖြိုးရေး အစီအစဉ်တွေမှာ ပါဝင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း
- သင်အလုပ်ပြန်ဝင်နိုင်ရေးအတွက် ချမှတ်ထားသော မည်သည့်တာဝန်များကို မဆိုလိုက်နာဆောင်ရွက်ခြင်း
- သင်သည်အနာတရဖြစ်ခြင်းမှ ပြန်လည်ကျန်းမာလာသည့်အတွက်ကြောင့် အန္တရာယ်ကင်းစွာသင်အလုပ်လုပ်နိုင်သော သင့်တော်သည့် တာဝန်များကို စီစဉ်ပေးခြင်း
- ကြံ့ခိုင်မှုရှိချိန်တွင် အနာတရမဖြစ်ခင် လုပ်ဆောင်ရသော အလုပ်ကို သင်ပြန်မလုပ်ဆောင်နိုင်ပါက သင့်တော်သောအလုပ်ကို စီစဉ်ပေးခြင်း

တို့ကိုယုံကြည် မျှော်လင့်ပါသည်။

## Your support team သင့်အတွက် အထောက်အကူပြု အဖွဲ့

သင်သည် အနာတရဖြစ်ခြင်းမှ ပြန်လည်ကျန်းမာခြင်းနှင့် အလုပ်နှင့်အဖွဲ့အစည်းအတွင်းပြန်လည်ပါဝင်ခြင်း ဆိုင်ရာ အကူအညီတွေမှာ အောက်တွင်ဖော်ပြထားသောသူများ ပါဝင်နိုင်ပါသည်။

### ကိစ္စ စီမံခန့်ခွဲသူ

သင် ၏ ကိစ္စ စီမံခန့်ခွဲသူသည် မူလဆက်သွယ်သူဖြစ်ပြီး အနာတရဖြစ်ခြင်းမှ ဖြစ်နိုင်လျှင်ချက်ချင်း အန္တရာယ်ကင်းစွာ အလုပ်ပြန်ဆင်းနိုင်ရန် လိုအပ်သော အထောက်အကူနှင့် ဝန်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်ပေးလိမ့်မည်။ သင် ၏ အနာတရဖြစ်ခြင်းမှ ပြန်လည်သက်သာရန်နှင့် ဖြစ်နိုင်လျှင်ချက်ချင်း အလုပ်ပြန်ဝင်နိုင်ရန် လိုအပ်သော အထောက်အကူနှင့် ဝန်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်နိုင်ရန် မြန်ဆန်၍ ပုဂ္ဂိုလ်ရေးဆိုင်ရာ အထောက်အကူများကို သူတို့မှစီစဉ်ပေးလိမ့်မည်။

ရက်သတ္တပတ် လေးပါတ်ထက်ပို၍အလုပ်နှင့် ဝေးနေနိုင်ပါက အလုပ်ပြန်ဝင်နိုင်ခြင်းကို ဖွံ့ဖြိုးစေရန်နှင့် ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် ကိုလည်းပဲ သင်နှင့် သင် ၏အလုပ်ရှင်ကို သူတို့မှ ကူညီပေးလိမ့်မည်။

## ဆရာဝန်

သင် ၏ဆရာဝန်မှ သင်နှင့်အတူ မည်ကဲ့သို့သော ကုသမှုမျိုး သင်လိုအပ်သည်ကို ဆုံးဖြတ်၍ သင် ၏ အနာတရ အကြောင်းကို အကဲဖြတ်ပေးမည်။ သူတို့မှ ကုသမှုရည်ရွယ်ချက်ပန်းတိုင် များကို ချမှတ်နိုင်ရန် ကူညီပေးပြီး ပြန်လည်သက် သာပြီး အလုပ်ပြန်ဝင်နိုင်ခြင်း အစီအစဉ်တွေမှာ ပူးပေါင်းပါဝင်မည်ဖြစ်သည်။

အကောင်းဆုံးဖြစ်နိုင်တဲ့ ရလဒ်ကို သင်ရရှိသည် ဆိုတာကို သေချာစေရန် သင် ၏ကုသခံယူမှု အစီအစဉ်မှာ တက်ကြွစွာ ပါဝင်ရန် အရေးကြီးပါသည်။ သင် ၏ကုသခံယူမှု အပေါ် မှာ ဘယ်လိုအခြေအနေရှိ သည် ဆိုတာကို ဝေဖန်အကြံပြု ခြင်းအား ဖြင့် သင် ၏ဆရာဝန် အနေနှင့် သင် ၏သီးသန့် အခြေအနေ အနေများအတွက် အသင့်တော်ဆုံး ကုသမှုအစီအစဉ် ဖော်ဆောင်ခြင်းကို သင်သည် အကူအညီပေးနိုင်ပါသည်။

## ဆက်နွယ်နေသော ကျန်းမာရေးအထောက်အကူပြုသူ

သင် ၏ဆရာဝန်မှ သင့်ကို ကုသမှုစီစဉ် ပေးခြင်း အကြံအညဏ်ပေးခြင်းနှင့် သင် ၏အနာတရကို ဘေးအကူအညီမလိုပဲ ကိုယ်တိုင်စီမံဆောင်ရွက်နိုင်ရန် နှင့် အလုပ်နှင့် လက်တွေ့ဘဝထဲပြန်ဝင်နိုင်ခြင်းကို ကူညီရန်ထောက်ကူပေးနိုင်သော ဆက်နွယ်နေသော ကျန်းမာရေးအထောက်အကူပြုသူထံသို့ လွှဲပြောင်းပေးနိုင်သည်။

## အလုပ်ပြန်ဝင်နိုင်ရန် ဝန်ဆောင်မှုစီစဉ်ပေးသူ

အလုပ်နေရာ၊ လုပ်ငန်းဆိုင်ရာ သင်တန်း (သို့ )အလုပ်ပြန်ဝင်နိုင်ဖို့ အဆင်သင့်ဖြစ်နေနိုင်ရန် ကူညီပေးနိုင်သော လုပ်ငန်းခွင်နှင့် ဆိုင်သော အထူးပြု (သို့) အကြောအဆစ် ပိုင်းဆိုင်ရာကုထုံးဆရာ ကဲ့သို့သောအထူးပြုသူများ နှင့် သင်အလုပ်ပြန်ဝင်နိုင်ခြင်း ကူညီပေးနိုင်ရန် သင်၏ ကိစ္စ စီမံခန့်ခွဲသူသည် သင့်ကို ဝန်န်ဆောင်မှုစီစဉ်ပေးသူနှင့် ချိတ်ဆက်ပေးနိုင်သည်။

## အလုပ်ပြန်ဝင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးသူ

အကယ်၍ သင်၏အလုပ်ရှင်သင် အလုပ်သမား ၃၀ယောက်ထက်ပိုပြီး အလုပ်ခန့်ထားသူ ဖြစ်ပါက သင်ပြန်လည်ကျန်းမာခြင်းနှင့်အလုပ်ပြန်ဝင်နိုင်ခြင်းကို ထောက်ကူပေးနိုင်ရန် သင်၏ အလုပ်ရှင်သည် ကျွမ်းကျင်သော အလုပ်ပြန်ဝင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးသူထားရှိရမည်။ သင်၏ ညှိနှိုင်းဆောင်ရွက်ပေးသူသည်။

- တောင်းခံလွှာဖြည့်သွင်းခြင်းနှင့် အခြားသော စာရွက်စာတမ်းများ ဖြည့်သွင်းခြင်းကို ကူညီပေးနိုင်သည်။
- သင်နှင့် သင် ၏ကိစ္စစီမံခန့်ခွဲသူကို တွေ့ဆုံနိုင်သည်။
- သင်အလုပ်နေရာချန်ပေးခြင်းနှင့် အလုပ်ပြန်ဝင်နိုင်ရန် ကူညီပေးနိုင်သည်။
- သင် ၊ လျှောက်လွှာလက်ခံကိုယ်စားလှယ် နှင့် ဆေးကုသမှုဆိုင်ရာစီစဉ်ပေးသူများနှင့် အဆက်အသွယ်ထားရှိနိုင်သည်။
- သင် ၏ စွမ်းရည်နှင့် အလုပ်ပြန်ဝင်နိုင်ခြင်း ဖြစ်စဉ်ကို စောင့်ကြည့်ပေးနိုင်သည်။

အကယ်၍ သင့်အလုပ်တွင် ညှိနှိုင်းဆောင်ရွက်ပေးသူမရှိပါက သင် ၏ကိစ္စ စီမံ ခန့်ခွဲသူနှင့်စကားပြော၍ သူတို့မှ သင့်ကိုဘယ်လိုကူညီနိုင်မည်ကို စောင့်ကြည့်ပါ။

## သတင်းအဆက်

ရီတာန်းတူ ဝေါခ့် အက်စ်အေ ကို အင်္ဂလိပ်ဘာသာစကား အပြင် အခြားဘာသာစကားနှင့် ဆက်သွယ်နိုင်ရန် စကားပြန်ခြင်းနှင့် ဘာသာပြန်ခြင်း ဌာနဖြစ်သော အိုင်တီစီ သို့ ၁၈၀၀ ၂၈၀ ၂၀၃ သို့ဆက်သွယ်နိုင်ပြီး ကျွန်တော်တို့ကိုဆက်သွယ်နိုင်ရန် ၁၃ ၁၈ ၅၅ သို့ဆက်သွယ်ပေးရန် တောင်းဆိုပါ။ စကားပြန်ဝန်ဆောင်မှုကို သင် ၏ ကုန်ကျငွေမရှိပဲ ရရှိနိုင်ပါသည်။